# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 21, 2020 | Volume 31, Number 13


| ၂၁.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၄/- ကျပ် |
| CBM Rate | = ၁၄၀၇.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၄.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၁.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၅.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၄.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အစိုးရသစ်လက်ထက် ၃ နှစ်နှင့် ၈ လ အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၉ ဘီလျံကျော်ခွင့်ပြုပေးခဲ့



အစိုးရသစ် လက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံသူများကို စီစစ်ခွင့်ပေးနေရာ ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၉ဒီဇင်ဘာလအထိ ၃ နှစ်နှင့် ၈ လတာ ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၇၉၉ခုအတွက် ရင်းနှီးမြှုပ်နှံငွေအမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၄၄ ဘီလျံအထိ ခွင့်ပြုပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းကပြောသည်။ ၎င်းက “၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် ဧပြီမှ ၂၀၁၉ ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၇၉၉ ခု ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄၅၅ ဘီလျံ စီစစ်ခွင့်ပြုပေးခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၄၇၃ခု ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် ၈၉၁၄ ဒသမ ၁၉၁ ဘီလျံ စီစစ်ခွင့်ပြုပေးခဲ့ပါတယ် “ ဟုပြောသည်။ မေ ၂၀ ရက်ကပြုလုပ်သည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးအတွင်း ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မည်မျှရှိသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားစဉ် အထက်ပါအတိုင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၁၃၈ ခု အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅ဘီလျံ ၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်လုပ်ငန်း ၂၂၂ခု အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၁၈ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ၆ လတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု ၈၅ ခု အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၅ ဘီလျံအထိခွင့်ပြုနိုင်ခဲ့ပြီး ၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၈၂ ခု အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅၈ ဘီလျံ ခွင့်ပြုပေးခဲ့ကာ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ ၃လတာကာလအတွင်း လုပ်ငန်း ၇၂ခု အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၄ ဘီလျံခွင့်ပြုပေးခဲ့သည်။ ၎င်း ၃ နှစ်တာလအတွင်း လာရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပေါင်း ၃၅ နိုင်ငံကလာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး စင်္ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၈၅ ဘီလျံဖြင့်အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ၂ ဒသမ ၈၇၄ ဘီလျံနှင့်ဒုတိယလိုက်ကာ ဟောင်ကောင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၅ ဘီလျံနှင့် တတိယအများဆုံး ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်းသိရသည်။

ယင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုများအနေဖြင့် ပြည်တွင်းလုပ်သားဦးရေ ၆၅၇၀၅ နှင့် ပြည်ပ လုပ်သားဦးရေ ၁၂၆၉ ဦး၊ စုစုပေါင်း ၆၆၉၇၄ ဦးကို အလုပ်အကိုင်များဖန်တီးပေးနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေ ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် အာဏာ ခွဲဝေကျင့်သုံးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၅သန်း နှင့် ကျပ်ငွေ သန်း ၆၀၀၀ အထိ လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရ အဖွဲ့များက ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေးအတွက် အရေးကြီးသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေတို့ကိုပြဋ္ဌာန်းခြင်း သက်ဆိုင်ရာဥပဒေအချို့ကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းခြင်း ရင်းနှီး မြှုပ်နှံမှုကို ပိုမိုအာရုံစိုက်လုပ်ဆောင်လာနိုင်စေရန် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့ကို ဖွဲ့စည်း ခြင်းများဆောင်ရွက်ခဲ့သည်။

ယင်းအပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် အချို့သောလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံပါက အခွန် ကင်းလွတ်ခွင့် ၊ သက်သာခွင့်များပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကို ၂၀၁၇ ခုနှစ် မတ် ၃၀ရက်တွင် ပြဋ္ဌာန်း ပေးခဲ့ ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139428.html

## ဩစတြေးလျက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သတ္တုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စား



Covid ကာလဖြစ်သော်လည်း ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သတ္တုကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနထံမှသိရသည်။ ဩစတြေးလျနိုင်ငံအခြေစိုက် ကမ္ဘာ့အဆင့် ၄ ရှိ သော သံသတ္တုရိုင်းထုတ်လုပ်သည့်ကုမ္ပဏီFortescue Metals Group က မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် စိတ်ဝင်စား နေခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အဦတည်ဆောက်သည့်လုပ်ငန်းများ ဆောင်ရွက်နေသောကုမ္ပဏီဖြစ်သည်။

မြန်မာနိုင်ငံရှိ သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Ms. Andrea Faulkner အပါအဝင် Fortescue Metals Group ၏ Deputy CEO Ms.Julie Shuttle worth က ယခုရက်ပိုင်းမှာပင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် Video Conference စနစ်ဖြင့်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံမှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ပေးသည့် စက်ရုံတည်ဆောက်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမို ဖန်တီးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အချက်အလက်များအရ ဩစတြေးလျက မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄၅ သန်းကျော်ဖိုး ရင်းနှီးမြှုပ်နှံထားသည်ကိုတွေ့ရပြီး အခြားနိုင်ငံများနှင့်ယှဉ်လျှင် ရင်းနှီးမြှုပ်နှံမှု ပမာဏ နည်းနေသေးသည်ကို တွေ့ရသည်။ယခုအခါ ဩစတြေးလျက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရန်ပြင်ဆင်လာခြင်းလည်းဖြစ်သည်။ တစ်ဖက်တွင်လည်း မြန်မာအစိုးရက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို မြှင့်တင်ရန်အတွက် ဆိုလာမှ လျှပ်စစ်ထုတ်လုပ်မည့် ဓာတ်အားပေးစက်ရုံများကို မဂ္ဂါဝပ် ၁၀၀၀ ကျော် အကောင်အထည်ဖော်ရန် နှစ်၂၀ သက်တမ်းရှိ ရေရှည်စီမံကိန်းအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။ ထိုသို့ ဖိတ်ခေါ်ခြင်းသည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများက ရင်းနှီးမြှုပ်နှံရန် ဝန်ကြီးဌာနနှင့် ဆွေးနွေးမှုများရှိနေခြင်းကြောင့်ဟု လျှပ်စစ်နှင့်

စွမ်းအင်ဝန်ကြီးဌာန ၊ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်ကပြောသည်။ အလားတူ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက သတ္တုကဏ္ဍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများချပေးရန်လုပ်ဆောင်နေပြီး သတ္တုအကြီးစား လုပ်ကိုင်ခွင့်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများ လုပ်ကိုင်ခွင့်လျှောက်ထားနိုင်မည်ဟု ဝန်ကြီးဌာနကတရားဝင်ပြောဆိုထားသည်။

သတ္တုတူးဖော်ရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ ထိပ်တန်းရင်းနှီးမြှုပ်နှံမှုကဏ္ဍထဲမှတစ်ခုဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် ယင်းကဏ္ဍသို့မတည်ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၈၀၀ ဝင်ရောက်ထားသည်။ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်စာရင်းများအရ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်အထိ သတ္တုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၉၀၄ ဒသမ ၉၁၆ သန်းဖိုး ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားသည်။

**Source:** https://myanmar.mmtimes.com/news/139427.html

## အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ လုပ်ငန်းပြန်လည်စတင်



မြန်မာနိုင်ငံတွင် ကိုဗစ်ဂယက်ကြောင့် ရပ်နားထားရသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေး လုပ်ငန်းများအသင်း အတွင်းရေးမှူး ဒေါ်ဖြူယမင်းမြတ်ထံမှသိရသည်။ “လုပ်ငန်းတွေပြန်စနေပြီ၊ အရင်လိုသွက်သွက်လက်လက်ကြီး လည်ပတ်တာတော့မဟုတ်ဘူး။ ငွေကြေး ကောက်ယူမှုတွေမှာ ပေးနိုင်တဲ့သူတွေနဲ့ မပေးနိုင်တဲ့သူတွေ ပြန်ညှိနေရတဲ့လုပ်ငန်းစဉ်တွေများတယ်။ ပြန်စတဲ့အခါမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ လုပ်ငန်းစဉ်မျိုးတွေ ပြောင်းလဲလုပ်ဆောင်ရတာတွေရှိတယ်။ ”ဟု ဒေါ်ဖြူယမင်းမြတ်ကဆိုသည်။

အသေးစားငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်းများသည် ချေးထားသည့်၏လုပ်ငန်းများမှ ပြန်လည် ကောက်ခံရရှိသော ငွေကြေးများဖြင့် လုပ်ငန်းလည်ပတ်ရခြင်းဖြစ်သဖြင့် ငွေချေးသူများအနေဖြင့် ပြန်လည်ပေးဆပ်ရာတွင် အခက်အခဲများရှိခဲ့သဖြင့် ငွေကြေး လုပ်ငန်းများလည်ပတ်ရန် ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အခက်အခဲများရှိနိုင်ကြောင်းဒေါ်ဖြူယမင်းမြတ်က ဆိုသည်။ ကိုဗစ်ကြောင့်ငွေချေးယူထားသည့် အခြေခံလူထု၏ စီးပွားရေးထိခိုက်မှုများရှိလာနိုင်သဖြင့် အသေးစား အလတ်စား ငွေရေးကြေးရေး လုပ်ငန်းကုမ္ပဏီအဖွဲ့များအနေဖြင့် အသင်းဝင်များ၏ ချေးငွေနှင့် အတိုးများကို ဧပြီမှ မေ ၁၅ရက်အထိ အတင်းအကျပ် ပြန်လည်ကောက်ခံခြင်းမလုပ်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ “ကျွန်တော်တို့အနေနဲ့ မေ ၁၅ ရက်နေ့ထိပဲ စာထုတ်ထားတာဖြစ်လို့ အသေးစားငွေကြေးလုပ်ငန်းတွေ ပြန်လည်စလို့ ရတဲ့သဘော ဖြစ်တယ်။ ဒါပေမယ့် အချို့ငွေရေးကြေးရေး အခက်အခဲရှိသူတွေအပေါ် ကုမ္ပဏီက အတင်းအကျပ်ကောက်ခံမှု တွေရှိ လာရင် ကျွန်တော်တို့အနေနဲ့ ငွေကောက်သူတွေကို ပြန်လည်ညှိနှိုင်းပေးရတာတွေရှိတယ်”ဟု ၊ငွေရေးကြေး ရေးကြီးကြပ် ရေးဦးစီးဌာန၊ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံမှ အရာထမ်းတစ်ဦးက မြန်မာတိုင်းမ်သို့ မှတ်ချက်ပြုသည်။

ကိုဗစ်ကြောင့် ချေးငွေပြန်ဆပ်ရန် အခက်အခဲရှိသူများအနေဖြင့် သက်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများနှင့် မိမိတို့၏ အခက်အခဲ များကို တင်ပြဆွေးနွေးနိုင်ပြီး အဆိုပါချေးငွေ ပြန်ဆပ်ရက်နောက်ကျမှုများအတွက် နစ်နာမှုမရှိစေရန် ကူညီဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငွေရေးကြေးရေး ဦးစီးဌာန၏ တာဝန်ရှိသူကဆိုသည်။

အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုလုပ်ငန်း ကော်မတီလက်အောက်တွင်အဖွဲ့အစည်း ပေါင်း ၁၉၀ ရှိပြီး အသင်းသား ဦးရေ ၄ ဒသမ ၆သန်းခန့်က ငွေကြေးဝန်ဆောင်မှုများရယူထားပြီး အများစုမှာ ဝင်ငွေနည်းမိသားစုများမှ ငွေကြေးဝန်ဆောင်မှု ရယူထားသူများဖြစ်သည်။ အသေးစားငွေရေကြေးရေး ကုမ္ပဏီများအနေဖြင့် အသင်းဝင်များ၏ ချေးငွေနှင့်အတိုးများကို ပေးဆပ်ရမည့်အချိန်ကို အသင်းဝင်များနှင့်ညှိနှိုင်းဆွေးနွေးပြီးမှသာဆောင်ရွက်ရန် အသေးစားငွေရေးကြေးရေး ကြီးကြပ်မှု လုပ်ငန်းကော်မတီက ထုတ်ပြန်ထားခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139438.html

## ကြယ်ဂေါင်တွင် ပိတ်မိနေသည့် ဆန်နှင့်ဆန်ကွဲများ မူဆယ်သို့ ပြန်လည်သယ်ယူမည်




တရုတ်နိုင်ငံသို့ ကြယ်ဂေါင်မြို့တွင် ပိတ်မိနေသည့် ဆန်နှင့်ဆန်ကွဲများကို ယခုလကုန်ပိုင်းတွင် မူဆယ်မြို့သို့ပြန်လည်သယ်ယူမည်ဖြစ်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှသိရသည်။ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက်ပါမှသာ တင်သွင်းခွင့်ပြုမည်ဟုတရုတ်နိုင်ငံက ကြေညာ လိုက်ချိန်တွင် ကြယ်ဂေါင်မြို့သို့ရောက်နှင့်နေပြီးဖြစ်သည့် မြန်မာ့ဆန်များမှာ ထောက်ခံချက်မပါသေးသဖြင့် မတင်ပို့နိုင်ဘဲသောင်တင်နေခြင်းဖြစ်သည်။

မတ်လ ၂၃ ရက်မှစတင်၍ ကြယ်ဂေါင်တွင် ဆန်အိတ်ရေ ၉၅၀၀၀ ခန့်နှင့် ဆန်ကွဲအိတ်ရေ ၂၅၀၀၀ ခန့် ပိတ်မိလျက်ရှိရာ ယနေ့အချိန်ထိ ပြန်လည်တင်ပို့ခွင့် မရရှိသေးခြင်းဖြစ်သည်။ ယခင်က ဆန်နှင့်ဆန်ကွဲများတင်ပို့ရာတွင် မူဆယ်(၁၀၅)မိုင်က ထုတ်ပေးသည့် စာရွက်များဖြင့် တင်ပို့ခွင့်ရရှိသော်လည်း ယခုနောက်ပိုင်းတွင် ဝန်ကြီးဌာနက ထုတ်ပေးသည့် လက်မှတ်များ ပါရှိမှသာတင်ပို့ခွင့်ရရှိ မည်ဖြစ်သည်။ "ကြယ်ဂေါင်ထဲမှာရှိတဲ့ ဆန်တွေကို စိုက်ပျိုးရေးဝန်ကြီးဌာနက သူများနိုင်ငံထဲမှာရှိတဲ့ ဆန်တွေကို ပိုမွှားလာပြီး စစ်ဆေးလို့မရဘူး။ ပြန်သယ်လာတော့ဆိုပြီး မေလ ၁၁ ရက်နေ့ကတည်းက ပြောထားတယ်။ လုပ်ငန်းရှင်တွေကတော့ အခုချိန်ထိတော့ မသယ်ရသေးဘူး။ ဘာများထူးမလဲဆိုပြီး စောင့်ကြည့်နေတယ်။ သွားလို့ရရင် ဆက်သွားဖို့ပေါ့"ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ ပိတ်မိနေသည့် ဆန်နှင့်ဆန်ကွဲများ ပြန်လည်သယ်ယူမည်ဆိုပါက တစ်အိတ်လျှင် ကျပ်တစ်ထောင်ခန့် ကုန်ကျမည်ဖြစ်၍ ပြန်မသယ်သေးဘဲ တင်ပို့ရနိုင်မည်လားဟု မျှော်လင့်ချက်ဖြင့် ယခုတစ်ပတ်စောင့်ကြည့်ဦး မည်ဖြစ်ပြီး မထူးခြားပါက မေ ၂၅ ရက်နောက်ပိုင်းတွင် ပြန်လည်သယ်ယူမည် ဖြစ်ကြောင်း လုပ်ငန်းရှင်များကပြောသည်။

ပြည်ပနိုင်ငံသို့ ဆန်များတရားဝင် တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးဌာနမှ စနစ်တကျလုပ်ဆောင်မှုများရှိလာသော်လည်း တရုတ်နိုင်ငံတွင်းသို့ သွားရောက်စစ်ဆေး၍မရသောကြောင့် မူဆယ်သို့ပြန်လည်သယ်ယူရန် ညွှန်ကြားထားခြင်းဖြစ်သည်။ ယခုနောက်ပိုင်းတွင် တင်ပို့နေသည့် ဆန်နှင့်ဆန်ကွဲများအတွက် ပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြုထောက်ခံချက်များကို မူဆယ်(၁၀၅)မိုင်မရောက်ခင်တွင် ပြုလုပ်ပေးသည့်အတွက် အဆင်ပြေနေကြောင်း သိရသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

http://htwettoe.com/article-details/news/9331529

## သီးနှံဈေးနှုန်း မတည်မငြိမ်ဖြစ်မှုကိုကာကွယ်ရန် အခြေခံဈေးနှုန်း သတ်မှတ်ဝယ်ယူ၍ ကြာရှည်ခံ သိုလှောင်ထားနိုင်သည့် စက်ရုံများကို အတိုးနှုန်း သက်သာသည့် ပြည်ပချေးငွေဖြင့် လုပ်ဆောင်ရန်လိုအပ်ဟု လွှတ်တော်ကိုယ်စားလှယ်ထောက်ပြ



သီးနှံများ စုပြုံထွက်ရှိလာချိန်တွင် ဈေးနှုန်းကျဆင်းပြီး ဈေးနှုန်း မတည်မငြိမ်ဖြစ်မှုကိုကာကွယ်ရန် တောင်သူများတွက်ခြေကိုက်သည့် အခြေခံဈေးနှုန်းများ သတ်မှတ်ဝယ်ယူ၍ ကြာရှည်ခံ သိုလှောင်ထားနိုင်သည့် စက်ရုံများကို အတိုးနှုန်း သက်သာသည့် ပြည်ပချေးငွေဖြင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက ပြောကြား သည်။

မေ ၂၀ ရက်က ပြုလုပ်သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက လယ်ယာစိုက်ပျိုးရေးမှ ထွက်ရှိလာသောသီးနှံများ ဈေးနှုန်းတည်ငြိမ်မှုရှိရန် အတွက် သီးနှံထွက်ချိန်၌ ဝယ်ယူသိုလှောင်ထားရန် လိုအပ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သိုလှောင်ရုံတည်ဆောက်မှုတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့

နိုင်ငံအတွက် အကျိုးရှိစေမည့်မူဝါဒများချမှတ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ချေးငွေများကိုဖိတ်ခေါ်ရန် အစီအစဉ်ရှိမရှိ မေးခွန်းမေးမြန်းရာတွင် ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ "ထွက်ကုန်တန်ဖိုးမှာ စိုက်ပျိုးစရိတ်ထက် သာနေမှသာ တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းမှုများရှိပြီး တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုစေမှာမို့ သီးနှံများ စုပြုံထွက်ရှိလာချိန်မှာ ဈေးနှုန်းကျဆင်းပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်မှုကို ကာကွယ်ရန် တောင်သူများအတွက် တွက်ခြေကိုက်တဲ့ အခြေခံဈေးနှုန်းများ သတ်မှတ်ဝယ်ယူကာ ကြာရှည်ခံ သိုလှောင်ထားနိုင်တဲ့ နည်းပညာများ၊ သိုလှောင်မှုများ တန်ဖိုးမြှင့် ထုတ်လုပ်တဲ့ ခေတ်မီဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ အခြောက်ခံစက်များ၊ သစ်သီးဝလံများအတွက် အအေးခန်းများ၊ သန့်စင်ပြီး ဆီသွပ်ဘူးနဲ့ ထုပ်ပိုးတဲ့စက်ရုံများကို နိုင်ငံတကာမှ အတိုးနှုန်းသက်သာသော ချေးငွေရယူပြီး ပုဂ္ဂလိက၊ အစိုးရ ပူးပေါင်း လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်" ဟု ဒေါ်ချိုချိုက ပြောကြားသည်။

လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ကာလ၌ ပြည်ပမှ ပြန်လာကြသည့် ပြည်တော်ပြန်အများစုမှာ ကျေးလက်နေ တောင်သူများ ဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်လိုသကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ကာလ ကမ္ဘာ့နိုင်ငံတော်တော်များက စိုက်ပျိုးရေးထွက်ကုန်များကို လိုအပ်၍ဝယ်ယူကြသဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် စိုက်ပျိုးရေး နိုင်ငံများမှာ အသာစီးရနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများရကြောင်း၊ ယခုအခြေအနေမျိုးတွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖိလုပ်လိုက်ပါက တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုအနေအထားလည်း ကောင်းမွန်မည်ဖြစ်ပြီး နိုင်ငံ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို ကုစားပေးရန်အတွက် ပြည်ပချေးငွေများဖြင့် အကျိုးရှိစွာ အသုံးပြုနေ ချိန်တွင် လယ်ယာစိုက်ပျိုး လုပ်ငန်းတွင်လည်း လိုအပ်သောဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ပချေးငွေများဖြင့် ထိရောက် ကျယ်ပြန့်စွာ အသုံးချနိုင်ဖို့ လိုအပ်နေကြောင်း ဒေါ်ချိုချိုက ပြောကြားသည်။

လက်ရှိတွင် တောင်သူများအတွက် ချေးငွေကို တစ်ဧက ကျပ်တစ်သိန်းခွဲသာ ချေးပေးနေသဖြင့် တောင်သူများအတွက် ချေးငွေများကို ပြည်ပချေးငွေများဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း ဒေါ်ချိုချိုကပြောကြားသည်။ "မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အပါအဝင် ပြည်တွင်းရှိဘဏ်များက လုံလုံလောက်လောက် မချေးပေးနိုင်ရင် နိုင်ငံတကာအတိုးနှုန်း သက်သာတဲ့ ကာလရှည်ချေးငွေများကို လယ်ယာကဏ္ဍအတွက် အထူးဦးစားပေးရယူပေးရန် ညှိနှိုင်းစိစစ်ဖို့လိုအပ်နေပါတယ်" ဟု ဒေါ်ချိုချိုက ပြောကြားသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဝန်ကြီးအနေဖြင့် ဈေးကွက် စီးပွားရေးစနစ်ပီပြင်အောင်ဖွံ့ဖြိုးစေပြီး ကုန်သွယ်မှုနှင့်ပို့ကုန်မြင့်မားစေခြင်းဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ "ပြည်တွင်းကုန်သွယ်မှုနဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးဖြစ်ပေါ်စေမယ့် ထုတ်လုပ်မှုကွင်းဆက်များပေါ်ပေါက်ရေး၊ စားသုံးသူများရဲ့အကျိုးစီးပွားကို ကာကွယ်ရေးနဲ့ ကုန်သွယ်မှုချောမွေ့လွယ်ကူရေးကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ပို့ကုန်တိုးတက်စေဖို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဒုတိယဝန်ကြီးကပြောကြားသည်။

ထို့ပြင် တောင်သူလယ်သမားကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းရရှိစေရေးအတွက် ဒုတိယသမ္မတ (၂) ခေါင်းဆောင်သည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကာ ယင်းအဖွဲ့က တောင်သူများလယ်သမားအတွက် တွက်ခြေကိုက်သည့်ဈေးနှုန်းများ သတ်မှတ်ဝယ်ယူ ပေးနိုင်ရေးကို ဈေးကွက်နည်းလမ်းများ ကျင့်သုံးဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။ အလားတူ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော သီးနှံများကို ကြာရှည်ခံသိုလှောင်ထားနိုင်မည့်နည်းပညာများ၊ သိုလှောင်ရုံများ တည်ဆောက်ရေးတို့အတွက် ပြည်ပချေးငွေများဖြင့် လုပ်ဆောင်နိုင်ရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

**Source:** https://news-eleven.com/article/174689

## ဘတ်ဂျက်လိုငွေဖြည့်ဆည်းရန် ဗဟိုဘဏ်မှ ကျပ်ဘီလျံ ၁၃၀၀ ကျော် အစိုးရချေးယူမည်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေကို ဖြည့်ဆည်းရန် ဗဟိုဘဏ်မှ ကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလျံ ချေးငွေရယူသွားမည်ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မေ ၂၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ပြောသည်။ အဆိုပါချေးငွေရယူရန်အတွက် ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြခြင်းဖြစ်သည်။ ''အစိုးရက ပြည်တွင်းမှငွေချေးယူရာမှာ ဘတ်ဂျက်လိုငွေအတွက် ဖြစ်သော်လည်း ဘတ်ဂျက်လို ငွေအတိုင်းအတိအကျ ငွေချေးယူရခြင်းမျိုးမဟုတ်ပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာ ဖွင့်လှစ်ထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အပ်ငွေစာရင်းမှာဖြစ်ပေါ်လာတဲ့ လိုငွေကိုအချိန်နဲ့ တပြေးညီဖြည့်တင်းနိုင်ဖို့ ချေးယူရခြင်း ဖြစ်ပါတယ်''ဟု ၎င်းကပြောသည်။

ပြည်ထောင်စုအစိုးရက ဘတ်ဂျက်လိုငွေအတွက် ဖြည့်ဆည်းရာတွင် ချေးငွေစာချုပ်များ၊ အာမခံစာချုပ်များဖြင့်လည်းကောင်း၊ ပြည်တွင်း ၊ပြည်ပမှလည်းကောင်း ချေးငွေရယူနိုင်သည်။ နှစ်စဉ်ပြည်ထောင်စုအစိုးရက ပြည်တွင်း၊ပြည်ပမှ ချေးငွေရယူခြင်းနှင့်ပတ်သတ်၍ ပြည် ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ချေးယူနိုင်သည့် ပမာဏကို သတ်မှတ်ဖော်ပြ လေ့ရှိ သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ပမာဏစုစုပေါင်းသည် ကျပ်သန်းပေါင်း သိန်း ၉၀ ထပ် မပိုစေရဟု သတ်မှတ်ထားသည်။ ပြည်ထောင်စုအစိုးအဖွဲ့က ပြည်တွင်း၊ ပြည်ပချေးငွေယူရေးကိစ္စများဆောင်ရွက်ရာတွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်ဟု ဦးမောင် မောင်ဝင်းကပြောသည်။

ပြည်ထောင်စုအစိုးရ၏ အပ်ငွေစာရင်းတွင် လစဉ်ဖြစ်ပေါ်မည့် လိုငွေကို အစိုးရ ငွေတိုက်စာချုပ်(Treasury Bond) များကို တစ်လတစ်ကြိမ်၊ အစိုးရငွေတိုက် လက်မှတ် (Treasury Bill)များကို တစ်လနှစ်ကြိမ် ဈေးပြိုင်စနစ်ဖြင့် ကြိုတင်ရောင်းချ၍ ဖြည့်ဆည်းလျှက်ရှိသည်။ထိုသို့ ဖြည့်ဆည်းမှုအပါအဝင် ဘတ်ဂျက်ပိုင်းမှ ရငွေ၊ သုံးငွေများကို ကြွေးမြီအပ်ငွေ ယာယီစာရင်းများ၏ ရငွေနှင့်ထုတ်ပေးငွေများအခြေအနေတို့အရ လတစ်လကုန်ဆုံးချိန်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ အပ်ငွေစာရင်း၌ လိုငွေဖြစ်ပေါ်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရ၏ ငွေတိုက်လက်မှတ်များရောင်းချခြင်းဖြင့် ဖြည့်ဆည်းရခြင်းဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံထံမှ ချေးငွေရယူရာတွင် ဗဟိုဘဏ်ပါပြဋ္ဌာန်းချက်နှင့်အညီဆောင်ရွက်ပြီး ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းကိုလျော့ချနိုင်ရန်ရည်ရွယ်၍ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီး ၂၀၁၅ ခုနှစ်၊ဇန်နဝါရီလမှစ၍ အစိုးရငွေတိုက်လက်မှတ်များကို နှစ်ပတ်တစ်ကြိမ် လေလံစနစ်ဖြင့် စတင်ရောင်းချခဲ့ပြီး အတိုးနှုန်းများကိုလည်း လစဉ်အတိုးနှုန်းအတိုင်းပေးခဲ့သည်။ ငွေတိုက်စာချုပ်များကိုလည်း ၂၀၁၆ ခုနှစ်၊စက်တင်ဘာလမှစ၍ တစ်လတစ်ကြိမ်ပုံ မှန်ဆောင် ရွက်ခဲ့ပြီး ဈေးကွက်အတိုးနှုန်းအတိုင်း ရောင်းချပေးခဲ့ရာ အစိုးရက ဗဟိုဘဏ်ထံမှ ငွေချေးယူရမှု တစ်နှစ်ထပ်တစ်နှစ်လျော့ကျလာသည်ဟု ဦးမောင်မောင်ဝင်းကပြောသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဗဟိုဘဏ်မှ ချေးငွေရယူမှုသည် ၈၄ ရာခိုင်နှုန်း၊၂၀၁၆-၁၇ ခုနှစ်တွင် ၅၃ ရာခိုင်နှုန်း၊ ၂၀၁၇-၁၈ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၁၈ ခြောက်လတာ ဘတ်ဂျက်တွင် ချေးယူခဲ့ခြင်းမရှိပေ။ ၂၀၁၈-၁၉ တွင် ၂၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉-၂၀ ခုနှစ် တွင် ၂၀ ရာခိုင်နှုန်းလျာထားခြင်း ဖြစ်သည်။

ယခုဘဏ္ဍာနှစ် လိုငွေဖြည့်ဆည်းရန် ငွေချေးယူနိုင်ခွင့် စုစုပေါင်းဘီလျံ ၉၀၀၀ ဖြစ်ပြီး အစိုးရက ပြည်ပမှငွေချေးယူရန် လျာထားချက် ကျပ် ၂၄၄၄ ဘီလျံကျော်နှင့် ပြည်တွင်းမှ ကျပ် ၆၅၅၅ ဘီလျံကျော် ငွေချေးယူရန် လျာထားရှိသည်။ အဆိုပါ ပြည်တွင်းမှ ငွေချေးယူရန် လျာထားချက်အပေါ် အခြေခံ၍ ပြည်တွင်းမှ ငွေချေးယူခြင်းဖြင့် လိုငွေဖြည့်ဆည်းရန် အစိုးရငွေတိုက်လက်မှတ်များ ၄၀ ရာခိုင်နှုန်း၊ အစိုးရငွေတိုက် လက်မှတ် ၄၀ ရာခိုင်နှုန်းနှင့် ဗဟိုဘဏ်မှ ၂၀ရာခိုင်နှုန်းချေးယူဖြည့်ဆည်းရန် လျာထားရာ ပြည်တွင်းမှ ချေးယူရန် လျာထားပမာဏ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလျံ ချေးယူရန် လျာထားသည်ဟု ဒုတိယဝန်ကြီးကပြောသည်။ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ လစဉ်ရောင်းချခြင်းကို လုပ်ဆောင်နေသော်လည်း အဓိကရင်းနှီးမြှုပ်နှံသူ ဘဏ်များအနေဖြင့် ၎င်းတို့၏ငွေဖြစ်လွယ်မှုအပေါ်မူတည်၍ လေလံဝင်ရောက်ခြင်းဖြစ်သည့်အတွက် လျာထားချက်များသည် အခြေခံသာဖြစ်ပြီး ဈေးကွက်အပြောင်းအလဲအပေါ်နိုင်သည်။

ပြည်ပမှ ဈေးငွေလျှာထားမှုအနက် ဈေးငွေအမှန်တကယ်ထုတ်ယူနိုင်မှုအပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်ပြီး ယင်းပြောင်းလဲမှုအပေါ်မူတည်၍ ပြည်တွင်းဈေးငွေရယူမှုသည် အထိုက်အလျှောက်ပြောင်းလဲနိုင်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံချက်များအရ လိုငွေပမာဏသည် ပြည်တွင်းဈေးငွေအပေါ် သက်ရောက်မှုရှိသည်ဟု ဦးမောင်မောင်ဝင်းကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139461.html

## ပုပ်သိုးလွယ်သည့် မြန်မာထွက်ကုန်များ တရုတ်သို့ အချိန်မီတင်သွင်းနိုင်ရေး ညှိနှိုင်းနေ

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံများကြောင့် တရုတ်-မြန်မာ နယ်စပ်ဂိတ်များ၌ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာနေ၍ ပုပ်သိုးလွယ်သည့် မြန်မာနိုင်ငံမှထွက်ကုန်များ တရုတ်နိုင်ငံသို့ အချိန်မီတင်သွင်းနိုင်ရေး မေတ္တာ ရပ်ခံချက်များနှင့်အတူ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ဟု ပေကျင်းမြို့အခြေစိုက် မြန်မာသံရုံးကသတင်းထုတ်ပြန်သည်။ လက်ရှိတွင် မြန်မာဘက်မှ ကုန်တင်ကား ၅၀၀ ကျော် စောင့်ဆိုင်းရလျက်ရှိပြီး တင်ပို့မည့်သစ်သီးဝလံအပါအဝင် ကုန်စည်များ ပုပ်သိုးပျက်စီးခြင်း ဖြစ်ပေါ်လျက်ရှိသည့်အတွက် ကုန်သည်များနှင့် ဒေသတွင်းစိုက်ပျိုးတောင်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ “မတ်၊ ဧပြီနဲ့ ဒီလအတွင်းမှာ ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ ကြက်သွန်၊ ဆန်နဲ့ အခြားကုန်တင်ကားတွေ ထောင်နဲ့ချီ ပိတ်မိလို့ နှောင့်နှေးကြန့်ကြာခဲ့တယ်။ အခုတော့ သရက်သီး မှာ တစ်နေ့ကို ကားအစီး ၁၀၀ ကျော် လောက် တင်ပို့နိုင်ပြီ။ နှောင့်နှေးနေတဲ့ ကုန်စည်အမယ်တွေလည်း လျော့သွားပြီ။ COVID အကြောင်းပြပြီး ကန့်သတ်ချုပ်ချယ်မှုက ပိုပိုသာသာလုပ်နေတော့ အားလုံးအထိနာကြတာပဲ။ မနစ်နာအောင် အစိုးရပိုင်းက စီမံ ဆောင်ရွက်ပေးဖို့ ပြောချင်တယ်။” ဟု မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဌ ဦးစိုင်းခင်မောင်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုရောဂါ ထိန်းချုပ်တားဆီးရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း တရုတ် ကုမ္ပဏီများ စိုက်ပျိုးထွက်ရှိသည့် ငှက်ပျောသီးများ တရုတ်နိုင်ငံသို့အချိန်မီသယ်ယူနိုင်ရေးအတွက် မကြာသေးမီက စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ပုပ်သိုးလွယ်သည့် မြန်မာနိုင်ငံမှထွက်ကုန်များ တရုတ်နိုင်ငံသို့ အချိန်မီ တင်သွင်း နိုင်ရေးအတွက် ရောဂါထိန်းချုပ်တားဆီးရေးဆောင်ရွက်ခြင်းနှင့်ယှဉ်တွဲ၍ ပိုမိုထိရောက်ကောင်းမွန်သည့်မူနှင့် လုပ်ထုံး လုပ်နည်းများ ချမှတ်ပေးရန် မြန်မာသံရုံးက မေတ္တာရပ်ခံထားသည်။ ထို့ပြင် နှစ်နိုင်ငံ နှစ်ပေါင်းများစွာတည်ရှိခဲ့သော ရင်းနှီး ချစ်ကြည်မှုနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအားရှေးရှု၍ နှစ်နိုင်ငံပြည်သူများအကြား ထိုရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ပြီး ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့မှုရှိခြင်းဖြင့် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုအား အရှိန်အဟုန်မပြတ်ဘဲ ဆက်လက်ဆောင်ရွက်နိုင်မည့် ထိရောက်သည့် စီမံဆောင်ရွက်မှုများအား အမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးရန်ကိုလည်း မေတ္တာရပ်ခံထားသည်။

အထက်ပါမေတ္တာရပ်ခံချက်များကို တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေစီမံကွပ်ကဲမှုအဖွဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဌာန(GACC)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဌာန (MOFCOM)တို့သို့ မေ ၆ ရက် တွင် ပေးပို့ထားပြီးဖြစ်သည်ဟုသိရသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအား COVID-19 ရောဂါကူးစက်ခြင်းကို တားဆီးနိုင်ပြီး ကုန်သွယ်မှုလည်း လျင်မြန်သွက်လက်ထိရောက်စေရေးအတွက် မြန်မာနှင့်ထိစပ်နေသည့် ယူနန်တို့ပြည်နယ်အဆင့် ဆွေးနွေးမှု များကို ယနေ့ မေလ ၂၀ ရက်တွင် ပြုလုပ်၍ နှစ်ဖက်စေ့စပ်ညှိနှိုင်းမှုများ ဆောလျှင်စွာဆောင်ရွက်သွားမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139437.html

## နိုင်ငံခြားကုမ္ပဏီများအား အရက်ချက်လိုင်စင် ခွင့်ပြုပေးခြင်းကိုကန့်ကွက်

ပြည်တွင်း၌ ဝယ်လိုအားထက် ထုတ်လုပ်မှု ပိုများနေ၍ နိုင်ငံခြား ကုမ္ပဏီများအား အရက်ချက်လုပ်ခွင့်နှင့် အရက်ချက် စက်ရုံ ပိုင်ဆိုင်ခွင့် (DI) လိုင်စင်များ ထပ်မံချထားပေးခြင်းကိုဆိုင်းငံ့ပေးရန် မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအသင်းက သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြထားကြောင်းသိရသည်။

မြန်မာနိုင်ငံ ယမကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးစိုးလွင်က “ဒီလိုင်စင်က အစဉ်အဆက် ပြည်တွင်း လုပ်ငန်းရှင်တွေကို အသစ်ထပ်ပေးတာလည်းမရှိဘူး။ ကျနော်တို့ အသစ်ထပ်တိုးတာ ခွင့်မပြုထားဘူး။ အခုက နိုင်ငံခြား ကုမ္ပဏီတွေကိုပေးလိုက်တာ သတင်း သဲ့သဲ့ကြားလို့ ထပြီးတော့ ကန့်ကွက်တာဖြစ်တယ်။ ပြည်တွင်းမှာလည်း ထုတ်လုပ် မှုက လုံလောက်နေပြီ။ ပိုတောင်ပိုလျှံနေတယ်”ဟု ရောဝတီသို့ပြောသည်။ ဈေးကွက်အတွင်း၌ ယမကာထုတ်လုပ်မှုသည် ဝယ်လိုအားထက် အဆမတန် များပြားနေကြောင်း အကြံပြုစာများရှိနေခြင်း၊ ယင်းအခြေအနေကြောင့် စီးပွားရေးအရ လိုင်စင် ထပ်ထုတ်ပေးရန် မလိုအပ်ကြောင်းစသည့်အချက်များကြောင့် ကန့်ကွက်ရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့ပြင် ယခု ဖြစ်ပွားနေသော COVID-19 ရောဂါကြောင့် စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန် ချက်နှင့်အညီ စစ်ဆေးနေသဖြင့် ပိတ်ထားရခြင်း၊ စားသောက်ဆိုင်၊ ကာရာအိုကေ၊ ဘား၊ နိုက်ကလပ် စသည့် အရက်၊ ဘီယာ ရောင်းချသည့် နေရာများ ပိတ်ရခြင်းတို့ကြောင့် လတ်တလောတွင် ယခင်ထက်ရောင်းအားထက်ဝက်ခန့် လျော့ကျမှုလည်း ရှိနေသည်ဟု ဦးစိုးလွင်ကပြောပြသည်။ ထိုသို့သောအခြေအနေကြောင့် နိုင်ငံခြားကုမ္ပဏီများအား အရက်ချက်လုပ်ခွင့်နှင့် အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့် (DI) လိုင်စင်ချထားပေးခြင်းကို ကန့်ကွက်ခြင်းဖြစ်ကြောင်းလည်း မေလ ၁၆ ရက်က တင်ပြသော အသင်း၏ နိုင်ငံတော် အစိုးရသို့ ပန်ကြားလွှာတွင် ဖော်ပြထားသည်။ လက်ရှိ အရက်ချက်လုပ်ခွင့်နှင့် အရက်စက်ရုံ ပိုင်ဆိုင်ခွင့် (DI) လိုင်စင်ပေါင်း ၇၀ ခု ချပေးထားပြီး၊ လုပ်ငန်းလိုင်စင် ၁၀ ခု သာ စက်ရုံလည်ပတ် ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး တရက်လျှင် စက်ရုံအပြည့် လည်ပတ်နိုင်ပါက အရက်ဂါလံ သုံးသောင်းအထိထုတ်လုပ်နိုင်ကြောင်း အသင်းမှသိရသည်။

ရန်ကုန်မြို့မှ စားသောက်ဆိုင်ပိုင်ရှင် ဦးသက်ခိုင်က “ကျနော်တို့အနေနဲ့ကတော့ နိုင်ငံခြားအရက် စက်ရုံတွေလာမယ်ဆို ကြိုဆိုတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ အရက်တမျိုးနဲ့ တမျိုးက အရည်အသွေးလည်းမတူဘူး။ ဈေးနှုန်းလည်းမတူဘူး။ သူ့အတန်းအစားနဲ့သူပေါ့။ သောက်တဲ့သူကလည်း ကျနော်တို့ နိုင်ငံမှာအမျိုးမျိုးရှိတယ်။ အရက်က တပုလင်းကို ကျပ် ၅၀၀၊ ၆၀၀ တန်တဲ့ ဇေအရက်တို့ ဘာတို့ရှိသလို Grand Royal အထိ အစားစားရှိတယ်”ဟု ရောဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက “စက်ရုံတွေလာရင် နိုင်ငံတော်အတွက်လည်း အခွန်အခရမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်းရမယ်။ ဈေးနှုန်း လည်း အသင့်အတင့်ဖြစ်သွားမယ်။ အခုလည်း နိုင်ငံခြားအရက်တွေက တရားဝင်လည်းဝင်သလို တချို့နယ်စပ်တွေက မှောင်ခို ဝင်နေတာလည်း အကုန်လုံးသိပါတယ်။ ဘယ်နိုင်ငံမဆိုရှိတယ်။ ဒါကြောင့် နိုင်ငံခြားအရက်ချက်စက်ရုံတွေလည်းရှိသင့် တယ်”ဟု ပြောသည်။ သို့သော် အစိုးရအနေနှင့် နိုင်ငံခြားအရက်ချက်လုပ်ခွင့်နှင့် အရက်ချက်စက်ရုံ (DI) လိုင်စင်များ ချထားပေးမည်ဆိုပါက အရက်ထုတ်လုပ်ရာတွင် အမှန်တကယ် အရည်အသွေးစံချိန်စံညွှန်းနှင့်ပြည့်မီသော အရက်များ ထုတ်လုပ်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDI) မှ သေချာစစ်ဆေးဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောဆိုသည်။ ယင်းအပြင် ပြည်တွင်း၌ အရက်အတုများလည်း တွေ့ရှိနေရခြင်းကြောင့် ထိုအခြေအနေများကို စစ်ဆေး အရေးယူ သင့်ကြောင်း စားသောက်ဆိုင်လုပ်ကိုင်သူများကဆိုသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းချုပ်ဒုဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက “ဥပမာ အမျိုးအစား ၁ ကနေ ၁၀ ဆိုရင် အကုန်လုံးရှိတာကတော့ သာမန်အားဖြင့် ကောင်းတာပေါ့။ ဒါပေမယ့် ၁ ရဲ့ ဈေးကွက်အရ ၅ ရာခိုင်နှုန်းပဲ ဖြစ်သင့်တယ် ဒါမျိုးပေါ့။ ဈေးကွက်မှာ တမျိုးက မရှိဘူးဆိုရင် လူတွေက မှောင်ခိုသွင်းလာကြမှာပဲ”ဟု ရောဝတီသို့ ပြောသည်။ ဆက်လက်၍ ၎င်းက “ဒါတွေကို တရားဝင်ပေးသွင်း လိုက်မယ်ဆိုရင် တိုင်းပြည်လည်း အခွန်ရတယ်။ စားသုံးသူလည်း စစ်စစ်မှန်မှန် စားရတယ် ကျနော်ကတော့အဲဒီလိုမြင်တယ်။ ထပ်ပြီးတော့ ထုတ်လုပ်မယ်ဆိုတဲ့ဟာကလည်း ဘယ်လိုအ မျိုးအစားတွေလည်း ဆိုတာ သိဖို့လိုတယ်။ ရှိသင့်ရှိထိုက်တာတော့ တဖက်ကခွင့်ပြုရမယ်။ ဘယ်လောက်ပဲ ဘယ်လိုမျိုးကန့်သတ်မှုနဲ့ စည်းမျည်း စည်းကမ်းနဲ့တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုလည်း မထိခိုက်အောင်လုပ်မလဲပေါ့။ အဲဒီလို ကန့်သတ်မှုမျိုးလုပ်ပေးရင် ကောင်းပါတယ်” ဟု သုံးသပ်ပြောကြားသည်။

မြန်မာပြည်၌ တချို့ အရက်၊ ဘီယာ အမျိုးအစားများမှာမရနိုင်သည့်အတွက်ကြောင့် ပုံစံမျိုးစုံနှင့် မှောင်ခိုတင်သွင်းနေသည် များလည်း လက်ရှိအချိန်ထိရှိနေကြောင်း ယင်းတို့ပေါ်တွင် အခွန်မကောက်ခံနိုင်သည့် အတွက်ကြောင့်လည်း နိုင်ငံအတွက် နစ်နာမှုများရှိနေသည်ဟု ၎င်းကထောက်ပြသည်။ ယခု အရက်၊ ဘီယာ ဈေးကွက်သည် တချို့ အမျိုးအစားများမှာ လိုအပ်မှုများ ရှိနေသဖြင့် ဖြေလျှော့မှုများ လုပ်သင့်နေပြီး တချို့မှာလည်း လုံလောက်မှုရှိနေသည်ဟု ဈေးကွက်အတွင်းကသိရသည်။

ပြည်တွင်း အရက်၊ ဘီယာသောက်သုံးသူတဦးက “ကုမ္ပဏီအသစ်တွေ ဝင်လာတာကောင်းတယ်။ ဈေးကွက်မှာအပြိုင် အဆိုင် ဖြစ်ပြီး အရည်အသွေးကောင်းတာပိုပြီး ထုတ်လုပ်နိုင်မယ်။ ဈေးနှုန်းကိုလည်း သူတို့တင်ချင်တိုင်းတင် ချချင်တိုင်း ချလို့ မရတော့ဘူးပေါ့”ဟု ပြောသည်။ အဆိုပါ နိုင်ငံခြားအရက်ချက်လုပ်ခွင့်နှင့် အရက်ချက်စက်ရုံ (DI) လိုင်စင်များချထား ပေးမည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းအစိုးရထံသို့ ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဖုန်းလက်ခံ ဖြေကြားပေးခြင်း မရှိပေ။

**Source:** https://burma.irrawaddy.com/news/2020/05/20/223019.html

## လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေသည် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ အရှိန်ပြန်တက်မည်ကို မလိုလား

COVID19ကပ်ဘေးနဲ့ပတ်သက်လို့ အမေရိကန်နဲ့တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ပြစ်တင်ဝေဖန်မှုတွေဟာ မြင့်တက်လာနေပါတယ်။ ဒီအခြေအနေတွေက ကုန်သွယ်ရေးစစ်ပွဲပြေငြိမ်းဖို့ ရရှိထားပြီးသားသဘောတူညီချက်တွေကို ချိုးဖောက်ဖို့ ခြိမ်းခြောက်မှုပုံစံမျိုးတွေဖြစ်လာပါတယ်။ လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေကတော့ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ အရှိန်ပြန်တက်လာမှာကို မလိုလားတဲ့အခြေအနေမျိုးဖြစ်တယ်လို့ အခုလ(၁၉)ရက် CNN ဆောင်းပါးတစ်ခုမှာ သုံးသပ်ရေးသားထားပါတယ်။ အခုဆိုရင် COVID-19 ကပ်ဘေးကြောင့် ကမ္ဘာ့စီးပွားရေးအခြေအနေဟာလည်း တဲတဲမျှသာကျန်တော့တဲ့အခြေအနေဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေဟာ အဆိုပါ စီပွားရေးအင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစကားစစ်ထိုးပွဲတွေ စတင်နေခဲ့ကြတဲ့ လွန်ခဲ့တဲ့နှစ်နှစ်ကထက် အခြေအနေပိုဆိုးနေပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်-တရုတ်နှစ်နိုင်ငံစလုံးဟာလည်း စီးပွားရေးကျဆင်းမှုတွေနဲ့အတူ လူသန်းပေါင်းများစွာဟာ အလုပ်လက်မဲ့ပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံအပေါ် အခွန်စည်းကြပ်မှုအသစ်တွေချမှတ်မယ်လို့ လတ်တလောမှာ ခြိမ်းခြောက်မှုထွက်ပေါ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း ပြန်လည်လက်တုံ့ပြန်သွားမယ့် တစ်စွန်းတစ်စ ပြောဆိုမှုတွေရှိခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ ကပ်ဘေးတစ်ခုဖြစ်မလာခင်က အမေရိကန်နဲ့တရုတ်နိုင်ငံအကြားရရှိထားခဲ့တဲ့ “phase one” ကုန်သွယ်ရေးသဘောတူညီချက်ဟာလည်း ထိလွယ်ရှလွယ် အနေအထားမျိုးဖြစ်ပါတယ်။ အဆိုပါ သဘောတူညီချက်အရ ကုန်စည်အချို့အပေါ် အပြန်အလှန်အခွန်လျှော့ပေးရမှာဖြစ်ပြီး၊ တရုတ်နိုင်ငံက အမေရိကန်ကုန်ပစ္စည်းတွေကို အခုနှစ်နဲ့လာမယ့်ရှေ့နှစ်တွေမှာ အမေရိကန်ဒေါ်လာ (၂၀၀)ဘီလီယံဖိုး ပိုမိုဝယ်ယူပေးသွားဖို့ သဘောတူညီခဲ့ရပါတယ်။ ဒီလိုဝယ်ယူပေးသွားရမယ့် သဘောတူညီချက်ဟာ သဘာဝမကျလိုဖြစ်ခဲ့ပြီး၊ အခုဆိုရင် ဗိုင်းရပ်စ်ကပ်ဘေးကြောင့် တရုတ်စီးပွားရေးရဲ့ ဝယ်လိုအားဟာကျဆင်းနေတာဖြစ်လို့ ၊ ပေကျင်းအစိုးရအနေနဲ့ ဒီသဘောတူညီချက်ကို လိုက်နာနိုင်ဖွယ်ရာမရှိဘူးလို့လည်း ခန့်မှန်းသုံးသပ်မှုအချို့ ရှိပါတယ်။ သမ္မထရမ့်အနေနဲ့ကလည်း လာမယ့်နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲကို ကျော်ဖြတ်ရမှာဖြစ်ပါတယ်။ ထရမ့်ဟာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရမှသာ တရုတ်နိုင်ငံနဲ့ကုန်သွယ်ရေးကိစ္စရပ်တွေကို ဆက်လက်အာရုံစိုက်နိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနီးလာတာကြောင့် တရုတ်အပေါ် ပြင်းထန်တဲ့ဝေဖန်မှုတွေ ပိုလုပ်လာတာဖြစ်နိုင်တယ်လို့လည်း နိုင်ငံရေးလေ့လာစောင့်ကြည့်သူအချို့က သုံးသပ်ကြပါတယ်။

သမ္မတထရမ့်က ကိုရိုနာဗိုင်းရပ်စ်ဟာ တရုတ်နိုင်ငံ ဝူဟန်မြို့သုတေသနဓာတ်ခွဲခန်းတစ်ခုကနေ လွတ်ထွက်လာတာဖြစ်တယ်လို့ သက်သေအထောက်အထားမပြဘဲ အခုလအစောပိုင်းက ပြောဆိုထားခဲ့ပါတယ်။ ဒီလိုပြောဆိုမှုတွေကြောင့် အမေရိကန်အစိုးရဟာ COVID-19 ကပ်ဘေးအတွက် ပြစ်ဒဏ်ပေးတဲ့အနေနဲ့ တရုတ်အပေါ် အခွန်စည်းကြပ်မှုတွေ ပိုလုပ်လာနိုင်တယလို့ ထင်ကြေးတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။ အမေရိကန်အစိုးရဟာ တရုတ်ကုမ္ပဏီဟွာဝေးကို အမေရိကန်ကုမ္ပဏီတွေနဲ့အလုပ်တွဲလုပ်လို့မရအောင် ပိတ်ပင်မှုတွေကိုလည်းပိုလုပ်လာပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက အမေရိကန်ကုန်သွယ်ရေးဌာနဟာ ဟွာဝေးကုမ္ပဏီကို အမေရိကန်လုပ်ဆော့ဝဲလ်နဲ့နည်းပညာတွေကို အသုံးပြုပြီး semiconductor chips တွေ ထုတ်လုပ်နေတာတွေကို တားဆီးသွားလိုတယ်လို့ ပြောကြားထားခဲ့ပါတယ်။ တကယ်လို့ အမေရိကန်-တရုတ် တင်းမာမှုတွေဟာ ဆက်လက်မြင့်တက်နေမယ်ဆိုပါက COVID-19 ကြောင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နလန်ထဖို့ ကြိုးစားနေတာတွေကို ထိခိုက်စေရုံသာမက အရေးပါတဲ့နည်းပညာဆန်းသစ်မှုလုပ်ငန်းတွေအတွက်လည်း အန္တရာယ်

ကျရောက်လာနိုင်စရာရှိပါတယ်။ အခုနှစ် ကမ္ဘာ့စီးပွားရေးဟာ (၃)ရာခိုင်နှုန်းကျုံ့သွားမယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကခန့်မှန်းထားပြီး၊ ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာဖို့ နှစ်နဲ့ချီအချိန်ယူရနိုင်တယ်လို့လည်း စီးပွားရေးပညာရှင်တွေက ခန့်မှန်းပေးထားပါတယ်။

**Source:** https://web.facebook.com/onenewsmyan/photos/a.1515516265429581/2538695969778267/

## စင်ကာပူနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ၇၅ ရာခိုင်နှုန်း ပြန်လည်စတင်မည်



စင်ကာပူနိုင်ငံ၌ လာမည့်လအစောပိုင်းလောက်တွင် ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကို ဖြည်းဖြည်းချင်းဖြေလျှော့ပေးသွားရန်နှင့် စီးပွားရေးလုပ်ငန်းအားလုံး၏ သုံးပုံနှစ်ပုံကို ပြန်လည်စတင်ရန် အစိုးရကစီစဉ်လျက်ရှိကြောင်း သိရသည်။ အရေးတကြီးလုပ်ဆောင်ရန်မလိုသည့် ကုမ္ပဏီများနှင့်ကျောင်းများကို ပြီးခဲ့သည့် ဧပြီ ၇ ရက်ကတည်းက စတင်ပိတ်ထားခဲ့သည်။ စီးပွားရေးလုပ်ငန်းအများစုကို လာမည့် ဇွန် ၂ ရက်တွင် ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း အစိုးရအာဏာပိုင်များက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။ ပြန်လည်စတင်လုပ်ကိုင်ခွင့်ပြုမည့် စီးပွားရေးလုပ်ငန်းများထဲတွင် စက်မှုလုပ်ငန်းများပါဝင်မည်ဖြစ်ကြောင်းသိရသည်။ သို့ရာတွင် လုပ်ငန်းခွင်ဆောင်ရွက်မှုကို အတတ်နိုင်ဆုံး လူအင်အားအနည်းငယ်ဖြင့် လည်ပတ်စေမည်ဖြစ်ကာ အလုပ်သမားဝန်ထမ်းအများအပြားကို နေအိမ်မှနေ၍ အလုပ်လုပ်စေမည်ဖြစ်ကြောင်းဆိုထားသည်။

စားသောက်ဆိုင်များနှင့် လက်လီအရောင်းဆိုင်များကို ဇွန် ၂ ရက်မှ စတင် ဖွင့်လှစ်ခွင့်ပြုရန် ရှိ မရှိ ကို လေးပတ်အတွင်း ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ကထုတ်ပြန်ခဲ့သည်။ စင်ကာပူရှိ ကျောင်းများကိုလည်း ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အချို့အတန်းများတွင် ကျောင်း၌သင်ယူခြင်းနှင့်နေအိမ်မှနေ၍ သင်ယူမှုကိုတစ်လှည့်စီ လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## COVID-19 ကြောင့် စားသောက်ဆိုင်များကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် စားသုံးမှုပုံစံပြောင်းလဲလာသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၌ ကိုရိုနာကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားမှုမှပြန်လည်တည်ငြိမ်လာချိန်တွင် စားသောက်ဆိုင်များအား ပြန်လည်ဖွင့်လှစ်စေရာ လာရောက်စားသုံးသူများနှင့် ဝန်ဆောင်မှု ပေးသူများအကြား ထိတွေ့မှုနည်းပါးစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက် စေရာတွင် ဆိုင်အဝင်အထွက်အား QR codeများဖြင့် မှတ်တမ်းတင်စေခြင်း၊ အစားအစာမှာယူရာတွင် စားသောက်ဆိုင်၏ အစားအစာစာရင်းအား code scanဖတ်ကာ မိမိဖုန်းမှပင် ကြည့်ရှုမှာယူခြင်းနှင့် ငွေပေးချေရာတွင် မိုဘိုင်းလ်ဖုန်းမှ ငွေပေးချေမှုစနစ်အား ကျင့်သုံးခြင်းတို့ပါဝင်ပါသည်။ ဤသို့ဆောင်ရွက်စေမှုက စားသောက်ဆိုင်များရှိ လုပ်သားအင်အား၏ (၅)ရာခိုင်နှုန်းခန့်ကို သက်သာစေပြီး၊ ဝင်ငွေနည်းပါးနေချိန်တွင် စားသောက်ဆိုင်များအား အထောက်အကူဖြစ်စေကြောင်း သိရပါသည်။

တရုတ်နိုင်ငံ၌ COVID-19ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်နစ်နာမှုများရှိနေချိန်အတွင်း အစားအစာ ချက်ပြုတ်ပြင်ဆင်ရောင်းချသည့်လုပ်ငန်းကဏ္ဍအား အံဝင်ခွင်ကျဖြစ်စေရေး ပြန်လည်ပုံဖော်လျက်ရှိပါသည်။ စားသောက်ဆိုင်ပိုင်ရှင်များမှာ ကုန်ကျစရိတ် အားထိန်းချုပ်ရန် ၊ ဆိုင်ပြင်ပသို့ မှာယူစားသောက်ကြစေရန်နှင့် ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေမှုများပြုလုပ်ရန် နည်းလမ်းများကို ရှာဖွေလျက်ရှိကြပါသည်။ ဆိုင်တွင် လာရောက် စားသုံးကြသူများနှင့် ဆိုင်ပြင်ပသို့ မှာယူစားသောက်ကြသူများအကြား ဟန်ချက်ညီစေရန်လည်း ကြိုးပမ်းလျက်ရှိကြပါသည်။ မမျှော်မှန်းနိုင်သည့် ဆုံးရှုံးနိုင်ခြေများအား အနည်းဆုံးဖြစ်စေရန် ၎င်းလုပ်ငန်းကဏ္ဍအား ပိုမိုစံချိန်စံညွှန်းထား ဆောင်ရွက်လာနိုင်ကာ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များပေးရန် ဦးတည်ဆောင်ရွက်လာနိုင်ကြောင်း၊ စံချိန်စံညွှန်းမြင့်မားသော အမှတ်တံဆိပ်များကို မျက်နှာသာ

ပေးသည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်လာနိုင်ကြောင်း ဈေးကွက်လေ့လာသူသုတေသီတစ်ဦးဖြစ်သည့် Hu Hanက သုံးသပ်ထားပါသည်။

China Hospitality Associationမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ တရုတ်နိုင်ငံရှိ စားသောက်ဆိုင်များ၏ (၈၀) ရာခိုင်နှုန်းနီးပါးကို မတ်လအတွင်း ပြန်လည်စတင်လည်ပတ်ခဲ့ကြကာ၊ စားသောက်ဆိုင်ဈေးကွက် ပြန်လည်နာလန်ထူလာသော်လည်း ဆိုင်ပိုင်ရှင်များ မှာမူ ဖိစီးမှုများအောက်တွင် ရှိနေဆဲဖြစ်ကြောင်းသိရပါသည်။ အထူးသဖြင့် ဆိုင်ပိုင်ရှင်များမှာ လုပ်သားများ၏ လစာ၊ ဆိုင်ငှားရမ်းခနှင့် ကုန်ကြမ်းစရိတ်များတက်လာခြင်းတို့နှင့်ရင်ဆိုင်နေရပါသည်။

ဥပမာအားဖြင့် စီချွမ်းပြည်နယ်တွင် လူကြိုက်အများဆုံးဖြစ်သော အမဲသားနှင့်ဂရုတ်သီးတို့၏ ဈေးနှုန်းများမှာ ပြည်ပမှ သွင်းကုန်များ လျော့နည်းသွားသောကြောင့် ကပ်ရောဂါ မဖြစ်ပွားမီကထက် ပိုမိုမြင့်တက်သွားပါသည်။ အလားတူပင် လေယာဉ်ပြေးဆွဲမှုများ လျော့ကျသွားသောကြောင့် ဂျပန်စားသောက်ဆိုင်များတွင် အသုံးပြုသည့် လတ်ဆတ်သော ပင်လယ်စာသွင်းကုန်များ၏ ဈေးနှုန်းများမှာလည်း မြင့်တက်လာပါသည်။

လက်ရှိအချိန်တွင် လူအများက ကပ်ရောဂါကို ကြောက်လန့်နေကြဆဲဖြစ်သဖြင့် ပြင်ပသို့အစားအစာများ မှာယူစားသောက်ကြရာမှ ရရှိသောဝင်ငွေမှာ စားသောက်ဆိုင်များအတွက်အဓိကဖြစ်နေပါသည်။ ချန်ဒူးပြည်နယ်ရှိ ဟော့ပေါ့စားသောက်ဆိုင်တစ်ခုတည်းမှာပင် နေ့စဉ်အမှာစာပေါင်း (၂)ထောင်ခန့်ရရှိလျက်ရှိပါသည်။ နာမည်ကောင်းဖြင့် အချိန်ကာလကြာမြင့်စွာရပ်တည်နေသော စားသောက်ဆိုင်ကြီးများမှာလည်း ၎င်းတို့၏ နာမည်ကျော်ဟင်းလျာများကို (စားသောက်သည့်အခါ ထပ်မံချက်ပြုတ်ရန်လိုအပ်သည့်) တစ်ဝက်တစ်ပျက်ချက်ပြုတ်ထားပြီးသည့်ပုံစံမျိုးဖြင့် ရောင်းချကာ အရောင်းမြှင့်တင်လျက် ရှိပါသည်။ အချို့ဆိုင်များကလည်း လူမှုကွန်ယက်များပေါ်မှ livestreamingဖြင့် လွှင့်တင် ပြသကာ စားသောက်သူများကို ဆွဲဆောင်လျက်ရှိပါသည်။

အွန်လိုင်းပေါ်မှ ငွေပေးချေသည့်အခါ တတိယကြားခံနေရာကို အသုံးပြုပါက ကော်မရှင်ပေးရမှုများပြားသည့်အတွက် အချို့ကုမ္ပဏီများက မိမိတို့ကိုယ်ပိုင်ငွေပေးချေမှုစနစ်များကို တီထွင်လာကြရာ အစားအသောက်လုပ်ငန်းမှာ ဒစ်ဂျစ်တယ်ပိုင်းသို့ ကူးပြောင်းလာသည်ကိုတွေ့ရပါသည်။

စားသောက်ဆိုင်များအပြင် ဟိုတယ်များကလည်း ကပ်ရောဂါကာလအတွင်းရော၊ ရေရှည်ဖွံ့ဖြိုးရေးအတွက်ပါ ရည်သန်ကြလျက် ရောဂါကာကွယ်ရေး၊ လေထုအရည်အသွေးနှင့် လုပ်ငန်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ အစားအစာအလေအလွင့်များ ပိုမိုနည်းပါးစေရေး နှင့် ပလပ်စတစ် အသုံးပြုမှုများ လျှော့ချရေးတို့ကို ပိုမိုလုပ်ဆောင်ကြလျက် လုပ်ငန်းများပြန်လည်စတင်လာကြသည်ကိုတွေ့ရပါသည်။ တရုတ်နိုင်ငံရှိ ဟိုတယ်များ၌ ၂၀၃၀ ပြည့်နှစ်တွင် အစားအစာလေလွင့်ဆုံးရှုံးစေမှုအား ထက်ဝက်လျှော့ချလျက်၊ ၂၀၂၅ ခုနှစ်တွင် မလိုအပ်ဘဲ စွန့်ပစ်ပလပ်စတစ်ပစ္စည်း အသုံးပြုမှုများအား မပြုလုပ်တော့ရေးဆောင်ရွက် သွားရန်Trip.comအုပ်စုနှင့် World Wildlife Fundတို့က တိုက်တွန်းနှိုးဆော်လျက်ရှိပါသည်။

အကောင်းဘက်မှရှုမြင်ကြည့်လျှင် ကပ်ရောဂါဖြစ်ပွားခြင်းမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအားစဉ်းစားရန်နှင့် အဆင့်မြှင့်တင်ရန် တွန်းအားပေးလိုက်သည့်သဖွယ်ဖြစ်နေပါသည်။

Source: **China Daily** (၂၀၂၀ မေ ၂၅-၂၆)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်(နန်နင်း)**

# STOCK EXCHANGE (21.5.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 21st May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 883 | 9,489,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | +50 | +1.35% | 3,750 | 3,750 | 3,650 | 1,071 | 3,959,550 | 38,929,150 | 145,984 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 6 | 49,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 24,000 | 23,500 | 3 | 71,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 5 | 13,750 | 12,823,224 | 35,264 |

## Market summary

As of 21st May. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.98 | -0.71 | -0.16% | 447.11 | 454.68 | 444.98 | 1,968 | 13,582,500 | 5 | 609,313 |

### Index chart




## Market Overview

As of 1:00 pm, 21st May. 2020

| MYANPIX | 444.98 ▼ 0.71 |
|---|---|
| Total Volume (shares) | 1,968 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 609,313 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 50 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 23,500 | ▼ 500 |
| TMH | 00005 | 2,750 | ▼ 50 |